ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအား

အချိန်ဆိုင်းငံ့ခွင့် ပေးထားတော်မူသည်။ အရှင်မြတ်က၎င်းအား အရေးယူသည့်အခါ လွတ်မြောက်ခွင့်

ပေးမည်မဟုတ်ပေ။

အဗူမူစာ အရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဧကန်အမှန်
အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအား အချိန်ဆိုင်းငံ့ခွင့် ပေးထားတော်မူသည်။
အရှင်မြတ်က ၎င်းအား အရေးယူသည့်အခါ လွတ်မြောက်ခွင့် ပေးမည်မဟုတ်ပေ။ ထို့နောက်ကိုယ်တော်သည် ဤအာယသ်တော်အား ဖတ်ရွတ်တော်မူသည်။ (စင်စစ်သော်ကား အသင့်အား
ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် မြို့(သူ)(ရွာ)သားတို့အား ၎င်းတို့သည်
နှိပ်စက်ကလူပြုလျက်ရှိနေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ ဤနည်းအတိုင်းပင်
ဖမ်းဆီးအရေးယူတော်မူလေ့ရှိ၏။ ဧကန်အမှန် ထိုအရှင်မြတ်၏ ဖမ်းဆီးအပြစ်ပေးမှုကား
အလွန်ပြင်းပြနာကျင်ဖွယ် ဖြစ်လှပေသည်။ အလွန်ပြင်းထန်လှပေသတည်း။) (ကုရ်အာန်
၁၁း၁၀၂)
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် အပြစ်ကျူးလွန်ကာ မတရားမှုပြုသူ၊ရှိရ်က် ဖက်စပ်ကိုးကွယ်မှုပြုသူ၊ လူတို့၏အခွင့်အရေးများကို မတရားပြုနေသူတို့ကိုသတိပေးတားမြစ်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် မတရားပြုသူအားအချိန်ဆိုင်းငံ့ထားပြီး သူ၏သက်တမ်း ရှည်လျားအောင်ထားကာ ဥစ္စာပစ္စည်းပေါများစွာပေးထားပြီး ချက်ချင်းအရေးမယူဘဲ ထားတော်မူသည်။ ၎င်းအနေဖြင့် နောင်တရကာ သောင်ဗဟ်အမှားဝန်ချတောင်းပန်မှုမပြုပါက ဖမ်းဆီးအရေးယူတော်မူမည်ဖြစ်ပြီး သူ၏များပြားလှသည့်မတရားမှုများကြောင့် လွတ်မြောက်ခွင့် ပေးမည်မဟုတ်ပေ။ ထို့နောက် ကိုယ်တော်သည်ဤအာယသ်တော်အား ဖတ်ရွတ်တော်မူသည်။ (စင်စစ်သော်ကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် မြို့(သူ)(ရွာ)သားတို့အား ၎င်းတို့သည် နှိပ်စက်ကလူပြုလျက်ရှိနေကြစဉ်ဖမ်းဆီးအရေးယူတော်မူသောအခါ ဤနည်းအတိုင်းပင် ဖမ်းဆီးအရေးယူတော်မူလေ့ရှိ၏။ ဧကန်အမှန်ထိုအရှင်မြတ်၏ ဖမ်းဆီးအပြစ်ပေးမှုကား အလွန်ပြင်းပြနာကျင်ဖွယ် ဖြစ်လှပေသည်။အလွန်ပြင်းထန်လှပေသတည်း။) (ကုရ်အာန်၁၁း၁၀၂)

https://sunnah.global/hadeeth/my/show/5811


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee